www.kelasa.org

မေးအမေးအဖြေ
၃၃။ မနုဿသီဟမုတ်စု

# မနုဿသီဟမုတ်စု

လျှောက်ထားအပ်ပါသည် အရှင်ဘုရား၊
ဘုန်းကြီးကျောင်း ဘုရားတန်ဆောင်း အုတ်တံတိုင်းတွေမှာ မနုဿသီဟဟုခေါ်သည့် ဖင်နှစ်ခွနှင့် ဒဏ္ဍာရီ ရုပ်တွေကို တွေ့ဖူးပါသည်။ ထိုအရုပ်၏ သမိုင်းစဉ်နှင့် ဘာကြောင့် ဘုန်းကြီးကျောင်း ဘုရားတန်ဆောင်းတွေမှာ အဲဒီအရုပ်တွေကို ထားရပါသနည်း။ ဆရာတော်တို့ မှတ်သား ကြားဖူးထားချက် သို့မဟုတ် ကျမ်းဂန်ထွက်ရှိလျှင် ဗဟုသုတ မျှဝေစေလိုပါ သည်ဘုရား။

သန်းထွဋ်အောင်၊ ဂျမေကာ

## မနုဿသီဟအဓိပ္ပာယ်

ပါဠိပုဒ်နှစ်ခုပါတယ် မနု နှင့် သီဟ။ မနု = လူ၊ သီဟ = ခြင်္သေ့။ လူဦးခေါင်းနှင့် ခြင်္သေ့ကိုယ် သို့မဟုတ် ခြင်္သေ့ဦးခေါင်းနှင့် လူကိုယ်လို့ အဓိပ္ပာယ်နှစ်မျိုး ယူခွင့်ရှိပါတယ်။ စာဆိုအရဆိုရင် ခြင်္သေ့ဦးခေါင်းနှင့် လူကိုယ်လို့ အဓိပ္ပာယ် ယူသင့်ပါတယ်။ ဒါပေမဲ့ မြင်ဖူးသမျှ မနုဿသီဟ သရုပ်ဖော် ရုပ်တုတွေအရ ဆိုရင် လူဦးခေါင်းနဲ့ ခြင်္သေ့ကိုယ် ဖြစ်ပါတယ်။ ဆက်လက် သုတေသနလုပ်ရဦးမဲ့ အကြောင်းအရာ ဖြစ်ပါတယ်။ စွမ်းနိုင်သမျှနဲ့ အမြွက်မျှ ကျမ်းညီပြု လိုက်ပါတယ်။

## ဝိနည်းအဋ္ဌကထာ

'အရှင်သောဏသည် အရှင်ဥတ္တရနှင့်အတူ သုဝဏ္ဏဘူမိသို့ ရောက်လာ၏။ ထိုအချိန်က ဘီလူးမတစ်ယောက်သည် သမုဒ္ဒရာမှတက်၍ မင်းအိမ်၌ ကလေးမွေးတိုင်း ထိုကလေးများကို လာရောက်၍ စားပစ်၏။ အရှင်မြတ် တို့ ရောက်သောနေ့တွင် မင်းသားတစ်ပါး မွေးဖွား၏။ လူအများသည် မထေရ်(အရှင်သောဏ)ကို မြင်သော် ဘီလူးတို့၏ အပေါင်းပါများ ဖြစ်မည်ဟု ထင်ပြီး လက်နက် ကိုယ်စီနှင့် မထေရ်(အရှင်သောဏ)ကို သတ်ရန် ဝိုင်းလာကြ၏။ အဘယ်ကြောင့် လက်နက်ကိုယ်စီနှင့် လာကြသနည်းဟု မထေရ်က မေး၏။ မင်းအိမ်မှာ ကလေးမွေးတိုင်း ဘီလူးတွေ လာ၍စား၏၊ သင်တို့သည် ဘီလူးတို့၏ မိတ်ဆွေဖြစ်၏ဟု ဖြေ၏။

ငါတို့ ဘီးတို့၏ မိတ်ဆွေမဟုတ်၊ သူ့အသက်သတ်မှုကို ရှောင်ကြဉ်သော သူတော်ကောင်း ရဟန်းများသာ ဖြစ်ကြ၏ဟု မထေရ်ကဖြေ၏။ ထိုသို့ ပြောဆိုနေခိုက်ပင် ဘီလူးမသည် ဘီလူပရိသတ်နှင့်အတူ မွေးကင်းက မင်းသားငယ်ကို စားရန် ရောက်လာ၏။ အရှင်ကောင်းတို့၊ ဘီလူးမ လာနေပါပြီဟု လူအများသည် ကြောက်လန့်စွာ အော်ကြ၏။ မထေရ်သည် ဘီလူးတို့ထက် နှစ်ဆကြီးသော ခန္ဓာကိုယ်ကို ဖန်ဆင်း၍ ဘီးလူးများကို ဝိုင်းလိုက်၏။ ဘီလူးများသည် ကြောက်ပြီး မင်းသားငယ်ကို မစားဘဲ ပြေးကြ၏။ မထေရ်က ပရိသတ်အား ဗြဟ္မဇာလသုတ်ကို ဟောကြားပြီး သရဏဂုံသီလ တည်စေ၏ (ဝိ-ဋ္ဌ ၁၊ ၅၁)'။

www.kelasa.org

## သာသနာလင်္ကာရစာတမ်း

'ဘီလူးမအုပ်စု လာသောကြောင့် လူအများ ကြောက်ရွံ့၍ အော်ဟစ်နေကြစဉ်တွင် မထေရ်တို့လည်း ကြောက်မက်ဖွယ်ရှိသော ခြင်္သေ့နှင့်တူသော ခေါင်းတလုံး ကိုယ်နှစ်ခုရှိသော မနုဿသီဟ သဏ္ဌာန်နှင့် အရေအတွက် နှစ်ဆထက်သာအောင် ဘန်ဆင်းပြီးမှ ဘီလူးမတို့ကို လိုက်၍ ပိတ်ဆီးကုန်လျှင် ဘီလူးမတို့ ကြောက်၍ ပြေးသွားလေကုန်၏။ ထိုကာလမှစ၍ ယနေ့ဘွားမြင်စ မင်းသားငယ်တို့အား သောဏုတ္တရ ဟူ၍ ငယ်မည် မှည့်လင့်ကုန်သတည်း။ သူငယ် ခပ်သိမ်းတို့အားလည်း ဘီးလူးဘေးကို တားဆီးခြင်းငှာ ထန်းရွက် သလူရွက်များတွင် မထေရ်တို့ ဖန်ဆင်းသော မနုဿသီဟရုပ်ကို ရေး၍ ခေါင်းထက် တင်ထားကုန်၏။ ထိုအရုပ်ကို သထုံမြို့၏ အရှေ့မြောက်ထောင့် တောင်ထိပ်ထက် ကျောက်ရုပ် ထုလုပ်၍ ထားရာ ယခုထက်တိုင် ထင်ရှား ရှိသတည်း (ဟံသာ ဝတီ၊ ၁၉၅၆၊ စာ-၅၇)'။

သာသနာလင်္ကာရစာတမ်းကို ဘကြီးတော်မင်းတရား တောင်းပန်လို့ သီလက္ခန္ဓဝဂ္ဂဋီကာသစ်ကို ရေးသားတဲ့ မောင်းထောင်ဆရာတော် သာသနာပိုင် လူထွက် မင်းတိုင်ပင်အမတ် မဟာဓမ္မသင်္ကြန်က မြန်မာနှစ် ၁၁၉၃ (ခရစ် ၁၇၅၂)မှာ ရေးသားခဲ့ပါတယ်။

## သာသနဝံသကျမ်း

'ဘီလူးမလာသည်ကို မြင်သောအခါ လူအပေါင်းသည် ကြောက်လန့်ပြီး အော်ငိုကြ၏။ မထေရ်တို့လည်း ကြောက်မက်ဖွယ် ခြင်္သေ့ဦးခေါင်းနှင့် ခေါင်းတလုံး ကိုယ်နှစ်ခုရှိသော မနုဿဟအသွင် ဖန်ဆင်းပြပြီး ဘီလူးမနှင့် အပေါင်းပါများကို ခြောက်ထုတ်ကြ၏ (တဒါ ထေရာ ဘယာနကံ သီဟာသီသဝသေန ဧကသီသံ သရီရဒ္ဓယသမ္ဗန္ဓသဏ္ဌာနံ မနုဿသီဟရူပံ မာပေတွာ ဒဿေတွာ တံ ယက္ခိနိံ သပရိသံ ပလာပေသုံ။ သာသနဝံသ၊ ဘောဂဝတီပုံနှိပ်တိုက်၊ မန္တလေး၊ ၁၂၈၅၊ စာ- ၄၂)'။ သာသနဝံသကျမ်းဆိုတာက မြန်မာ ၁၂၃၂ (ခရစ် ၁၇၈၂)မှာ မောင်းထောင် အရှင်ပညာသာမိထေရ်က မဟာဓမ္မသင်္ကြန်ရဲ့ သာသနာလင်္ကာရကျမ်းကို ပါဠိဘာသာနဲ့ ရေးခဲ့တဲ့ ကျမ်းပါ။

## သုံးသပ်ချက်

ဝိနည်းအဋ္ဌကထာမှာ ဖော်ပြတဲ့ သုဝဏ္ဏဘူမိကို မြန်မာနိုင်ငံ ရာမညတိုင်း သထုံမြို့လို့ယူရင် အရှင်သောဏတို့က ဘီလူးမအုပ်စုကို သူတို့ထက် နှစ်ဆကြီးတဲ့ကိုယ်ကို ဖန်ဆင်းပြီး ထွက်ပြေးအောင် လုပ်တယ်။ သာသာနာလင်္ကာရနဲ့ သာသနဝံသတို့က မနုဿသီဟပုံကို ဖန်ဆင်းပြီး ဘီလူးမအုပ်စုကို နှင်ထုတ်

တယ်လို့ သိရပါတယ်။ ဒါကြောင့် မနုဿဗီဟာအစ အရှင်သောဏနဲ့ အရှင်ဥတ္တရတို့ကလို့ ဆိုရပါလိမ့်မယ်။ တစ်နည်း မြန်မာနိုင်ငံ ဗုဒ္ဓသာသနာ အစလို့လဲ ဆိုနိုင်လိမ့်မယ်။

မကာရလောပအကျော် မန်လည်ဆရာတော်ဘုရားကြီးလဲ သာသနာလင်္ကာရစာတမ်းပါ စကားကိုပဲ ရည်ရွယ်ပြီး 'ကျမ်းတတ်စကား'လို့ အောက်ပါ အတိုင်း မိန့်ဆိုခဲ့ပါတယ်။

www.kelasa.org

ရုပ်ပလီ
မနုဿီ ကိုယ်နှစ်ခွယ်ငယ်လို့
ဆိုကြအများ။
မြို့သထုံ
ပြည်သုဝဏ်ရွှေဘုံ၌
သည့်ရုပ်ပုံ ဟန်ပန်ယူလို့
ရန်သူကို ပယ်နှိမ်ကြောင်းငယ်နှင့်
ကျမ်းဟောင်း စာစောင်မြတ်မှာ
ကျမ်းတတ်စကား။ □